## မာတိကာ


နိဒါန်း ၇

**၁။ ဗောဓိဝဂ် ၁၃**

၁။ ပထမဗောဓိသုတ် ၁၃

၂။ ဒုတိယဗောဓိသုတ် ၁၄

၃။ တတိယဗောဓိသုတ် ၁၆

၄။ ဟုံဟုင်္ကသုတ် ၁၈

၅။ ဗြာဟ္မဏသုတ် ၁၉

၆။ မဟာကဿပသုတ် ၂၀

၇။ အဇကလာပကသုတ် ၂၁

၈။ သင်္ဂါမဇိသုတ် ၂၁

၉။ ဇဋိလသုတ် ၂၃

၁၀။ ဗာဟိယသုတ် ၂၃

**၂။ မုစလိန္ဒဝဂ် ၂၉**

၁။ မုစလိန္ဒသုတ် ၂၉

၂။ ရာဇသုတ် ၃၀

၃။ ဒဏ္ဍသုတ် ၃၈

၄။ သက္ကာရသုတ် ၃၂

၅။ ဥပါသကသုတ် ၃၃

၆။ ဂဗ္ဘိနီသုတ် ၃၄

၇။ ဧကပုတ္တကသုတ် ၃၆





၈။ သုပ္ပဝါသာသုတ် ၃၇

၉။ ဝိသာခါသုတ် ၄၂

၁၀။ ဘဒ္ဒိယသုတ် ၄၃

**၃။ နန္ဒဝဂ် ၄၆**

၁။ ကမ္မဝိပါကဇသုတ် ၄၆

၂။ နန္ဒသုတ် ၄၇

၃။ ယသောဇသုတ် ၅၁

၄။ သာရိပုတ္တသုတ် ၅၇

၅။ မဟာမောဂ္ဂလာနသုတ် ၅၇

၆။ ပိလိန္ဒဝစ္ဆသုတ် ၅၈

၇။ သက္ကုဒါနသုတ် ၅၉

၈။ ပိဏ္ဍပါတိကသုတ် ၆၁

၉။ သိပ္ပသုတ် ၆၃

၁၀။ လောကသုတ် ၆၅

**၄။ မေဃိယဝဂ် ၆၈**

၁။ မေဃိယသုတ် ၆၈

၂။ ဥဒ္ဓတသုတ် ၇၄

၃။ ဂေါပါလကသုတ် ၇၅

၄။ ယက္ခပဟာရသုတ် ၇၇

၅။ နာဂသုတ် ၇၉

၆။ ပိဏ္ဍောလသုတ် ၈၁

၇။ သာရိပုတ္တသုတ် ၈၂

၈။ သုန္ဒရီသုတ် ၈၂

၉။ ဥပသေနသုတ် ၈၆
၁၀။ သာရိပုတ္တဥပသမသုတ် ၈၈
**၅။ သောဏဝဂ် ၈၉**
၁။ ပိယတရသုတ် ၈၉
၂။ အပ္ပာယုကသုတ် ၉၀
၃။ သုပ္ပဗုဒ္ဓကုဋ္ဌိသုတ် ၉၁
၄။ ကုမာရကသုတ် ၉၅
၅။ ဥပေါသထသုတ် ၉၆
၆။ သောဏသုတ် ၁၀၃
၇။ ကင်္ခါရေဝတသုတ် ၁၀၈
၈။ သံဃဘေဒသုတ် ၁၀၉
၉။ သဓာယမာနသုတ် ၁၁၀
၁၀။ စူဠပန္ထကသုတ် ၁၁၁
**၆။ ဇစ္စန္ဓဝဂ် ၁၁၂**
၁။ အာယုသင်္ခါရောသဇ္ဇနသုတ် ၁၁၂
၂။ သတ္တဇဋိလသုတ် ၁၁၆
၃။ ပစ္စဝေက္ခဏသုတ် ၁၁၉
၄။ ပထမ နာနာတိတ္ထိယသုတ် ၁၂၀
၅။ ဒုတိယ နာနာတိတ္ထိယသုတ် ၁၂၆
၆။ တတိယ နာနာတိတ္ထိယသုတ် ၁၃၀
၇။ သုဘူတိသုတ် ၁၃၃
၈။ ဂဏိကာသုတ် ၁၃၄
၉။ ဥပါတိဓာဝန္တိသုတ် ၁၃၆



၁၀။ ဥပ္ပဇ္ဇန္တိသုတ် ၁၃၇
**၇။ စူဠဝဂ် ၁၄၀**
၁။ ပထမ လကုဏ္ဍက ဘဒ္ဒိယသုတ် ၁၄၀
၂။ ဒုတိယ လကုဏ္ဍက ဘဒ္ဒိယသုတ် ၁၄၁
၃။ ပထမ သတ္တသုတ် ၁၄၂
၄။ ဒုတိယ သတ္တသုတ် ၁၄၃
၅။ အပရ လကုဏ္ဍက ဘဒ္ဒိယသုတ် ၁၄၄
၆။ တဏှာသင်္ခယသုတ် ၁၄၅
၇။ ပပဉ္စခယသုတ် ၁၄၆
၈။ ကစ္စာနသုတ် ၁၄၇
၉။ ဥဒပါနသုတ် ၁၄၇
၁၀။ ဥတေနသုတ် ၁၄၉
**၈။ ပါဋလိဂါမိယဝဂ် ၁၅၁**
၁။ ပထမ နိဗ္ဗာန ပဋိသံယုတ္တသုတ် ၁၅၁
၂။ ဒုတိယ နိဗ္ဗာန ပဋိသံယုတ္တသုတ် ၁၅၂
၃။ တတိယ နိဗ္ဗာန ပဋိသံယုတ္တသုတ် ၁၅၂
၄။ စတုတ္ထ နိဗ္ဗာန ပဋိသံယုတ္တသုတ် ၁၅၃
၅။ စုန္ဒသုတ် ၁၅၄
၆။ ပါဋလိဂါမိယသုတ် ၁၆၀
၇။ ဒွိဓာပထသုတ် ၁၆၈
၈။ ဝိသာခါသုတ် ၁၆၉
၉။ ပထမ ဒဗ္ဗသုတ် ၁၇၂
၁၀။ ဒုတိယ ဒဗ္ဗသုတ် ၁၇၃

# နိဒါန်း

မြတ်စွာဘုရားဟောကြားတော်မူသောတရားတော်တို့ကို ပိဋကအားဖြင့် ဝေဖန်ပါသော် သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူ၍ သုံးပါးအပြား ရှိလေသည်။ ယင်းသုံးပါးကို ပိဋကသုံးပုံဟုခေါ်ကြ၏။ ထို့အပြင် နိကာယ်အားဖြင့်လည်း ဝေဖန်ကြပါသေးသည်။ နိကာယ်ဖြင့်ဝေဖန်ပါသော် ထိုတရားတော်တို့သည် ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်နှင့် ခုဒ္ဒက နိကာယ်ဟူ၍ငါးပါးအပြားရှိလေသည်။ ယင်းနိကာယ်တို့ကို တစ်ဖန် ပိဋကသုံးပုံဖြင့်ဆက်စပ်လိုက်ပါသော် အချို့သောနိကာယ်မှာ သုတ္တန်၊ အချို့သောနိကာယ် မှာ ဝိနည်း၊ အချို့သောနိကာယ်မှာ အဘိဓမ္မာတွင် သက်ဝင်လေသည်။

သုတ္တန်ပိဋကတွင်ပါဝင်သောနိကာယ်တို့မှာ ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန်း၊ ဣတိဝုတ်၊ သုတ္တနိပါတ်၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ အပဒါန်၊ ဗုဒ္ဓဝင်၊ စရိယာပိဋက၊ ဇာတက၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ်၊ မိလိန္ဒပဉှာ၊ နေတ္တိနှင့်ပေဋကောပဒေသတို့ဖြစ်၏။

ဤနိကာယ်တစ်ဆယ့်ရှစ်ကျမ်းမှ ဓမ္မပဒ၊ ဗုဒ္ဓဝင်နှင့် မိလိန္ဒပဉှာ သုံးကျမ်းကို စမ်းသပ်ပြီးဘာသာပြန်ကြည့်ရာ စာရှုသူတို့ ဝမ်းမြောက် ဝမ်းသာ ကောင်းစွာလက်ခံသည်ကို တွေ့ရ၍ အတော်ပင် အပန်းပြေခဲ့ပါသည်။ အဖိုးမဖြတ်နိုင်သော ဤကျမ်းမြတ်ရတနာတို့သည် ရှေးအခါက ရဟန်းတော်တို့ ပိဋကတိုက်များတွင် ကိန်းဝပ်စံပယ်လျက်နေကြရာ လူတို့သည် အများအားဖြင့် ရဟန်းတော်များ ဟောကြားမှသာ နာကြားရလေသည်။ နိုင်ငံရပ်ခြားတိုင်းတစ်ပါးတို့မှာမူ ဤသို့ ဓမ္မတရားဟောကြားမည့် ရဟန်းတော်များ ပြည့်ပြည့်စုံစုံ လုံလုံ လောက်လောက် မရှိသဖြင့် စေတနာရှင်



အချို့သည် သူတို့၏စာဖတ်ပရိသတ်နှင့် သင့်လျော် ကောင်းမြတ်မည် ထင်သောကျမ်းအချို့ကို ပိဋကတော်မှ ထုတ်နုတ်ပြန်ဆိုပေးကြလေသည်။ ရိုးသားစွာဝန်ခံရပါသော် မိလိန္ဒပဉှာနှင့်ဓမ္မပဒကို ခေတ်သစ်စနစ်ဖြင့် မြန်မာပြန်ဆိုရန် အကြံဉာဏ်ရသည်မှာ ထိုအင်္ဂလိပ် ဘာသာ ပြန်၊ ဟိန္ဒီဘာသာပြန်တို့ကို တွေ့မြင်ရသောကြောင့်ဖြစ်၏။

စင်စစ် ပထမဆုံးပွဲထုတ်လိုသောကျမ်းမှာ ဥဒါန်းပါဠိတော်ဖြစ်၏။ အကြောင်းကိုဆိုသော် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီအခါက ဟသ်ာတမြို့ စတုတ္ထမြောက် မြစ်ကွေးဆရာတော် ဦးပညာဝံသသည် သီဟိုဠ်ကျွန်းမှ ပြန်ကြွလာသည့် အထိမ်းအမှတ်အဖြစ်ဖြင့် စာရေးသူအား သီဟိုဠ်အက္ခရာရေး ဥဒါန်းစာအုပ်ငယ်ကလေးတစ်အုပ်ပေး၏။ စာရေးသူသည် ထိုစာအုပ်ကလေးကိုကြည့်ပြီး လွန်စွာ နှစ်သက်ကြည်နူးခဲ့၏။ ခုဒ္ဒကနိကာယ်တွင် ဥဒါန်းပါဠိတော်ကို သက်သောင့် သက်သာ မြန်မာအက္ခရာဖြင့် လွယ်ကူစွာကြည့်ရှုနိုင်ပါသော်လည်း ပိဋက စာအုပ်ကြီးတို့တွင်ရောနှောနေသဖြင့် သူ့ချည်းသက်သက်ကွက်ပြီး ပြည့်ပြည့်စုံစုံ မကြည့်မိချေ။ ယခုမူ စာအုပ်ငယ်ကလေးဖြစ်၍ အစအဆုံးတစ်လျှောက်လုံးဖတ်ပစ် လိုက်နိုင်သဖြင့် ပို၍ကြိုက်နှစ်သက်ခြင်းဖြစ်၏။ တစ်နေ့တွင် ပိဋကမဟာသမုဒ္ဒရာမှ မွန်မြတ်သော ဓမ္မရတနာတို့ကို ဤသို့လျှင်သီးခြားထုတ်ဖော်ပေးရပါမူ ကောင်းပေမည်ဟု အားသစ်ကာ စိတ်ကူးယဉ်ခဲ့ဖူး၏။ ပထမဆုံးစာအုပ်သည် ဤဥဒါန်း ဖြစ်ရမည်ဟု ရင့်ကျူးခဲ့ပါသော်လည်း အခြေအနေအရ မိလိန္ဒပဉှာ၊ ဓမ္မပဒနှင့် မဟာဗုဒ္ဓဝင်တို့ကိုသာ ရှေးဦးစွာ အသီးအသီးပြန်သွားကြပြီး စာရှုသူတို့ စိတ်နှလုံးကို ရွှင်ပြုံးစေခဲ့ကြလေသည်။

မြတ်စွာဘုရားဟောကြားတော်မူသောတရားစကားတို့တွင် အဘယ် တရားကသာ၍ကောင်းသည်ဟု ကွက်၍ပြောရန်ခက်သည်။ မြတ်စွာဘုရားသည် လူတန်းစားအမျိုးမျိုး၊ စိတ်နေသဘောထား အစားစားအပေါ်

မူတည်ပြီး ဓမ္မတရားတို့ကိုဟောကြားတော်မူခဲ့သည်။ ထိုတွင် မင်းစိုး ရာဇာ၊ သူဌေးသူကြွယ်၊ ကုန်သည်လယ်လုပ်၊ သစ်ခုတ်နွားကျောင်း၊ သူတောင်းစား၊ အရက်သမားနှင့် အဟိတ်တိရစ္ဆာန်များပင်ပါဝင်၏။ ထိုထိုပုဂ္ဂိုလ်တို့၏ ဝါသနာစရိုက် အကြိုက်နှင့်ထိတွေ့တိုက်ဆိုင်အောင် ညွှန်ကြားထားသောတရားတော်တို့ဖြစ်သဖြင့် တစ်စုံတစ်ယောက်သည် တစ်စုံတစ်ရာသော တိုက်ဆိုင်တွေ့ထိမှုဖြင့် ဘယ်တရားသည် အကောင်းဆုံးဟု ဆုံးဖြတ်ရန် ခက်သည်။ မြတ်စွာဘုရားသည် တရားပြရာတွင် အတုမရှိ ကျွမ်းကျင်လှစွာ၏။

အခါတစ်ပါး အရှင်သာရိပုတ္တရာသည် သူ၏တပည့်တစ်ဦးအား တရား ညွှန်ပြ၏။ ဘယ်သို့ပင် ကြိုးကြိုးစားစားပြပါသော်လည်း ထိုတပည့်သည် သဘောတရားကို ထိုးထွင်း၍ သိမြင်ခြင်း မရှိချေ။ နောက်ဆုံးတွင် အရှင်သာရိပုတ္တရာသည်လက်လျှော့ကာ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားသည် "သာရိပုတ္တရာ၊ ဤအရာသည် သင်၏အရာ မဟုတ်ချေ။ ဗုဒ္ဓ၏အရာသာဖြစ်၏။ ဗုဒ္ဓသည်သာ သတ္တဝါတို့၏အလိုဆန္ဒကိုကောင်းစွာသိသည်" ဟုမိန့်ကြားကာ သူ့တပည့်ကို ခေါ်ပြီး တရားပြတော်မူ၏။ များများ မဟုတ်၊ ဂါထာတစ်ပုဒ်ဖြင့် တရားသဘောကို တွေးတောနိုင်သော အခြေသို့ ရောက်သွားလေသည်။

ဤကဲ့သို့သောအခြင်းအရာတို့ဖြင့်ဟောကြားတော်မူသော တရားတော်တို့ကို အဘယ်သို့လျှင် တစ်စုံတစ်ယောက်၏သာမန်အမြင်ဖြင့် ဘယ်တရားသည် အကောင်းဆုံးဖြစ်သည်ဟု ဆုံးဖြတ်ဝံ့မည်နည်း။ သို့ရာတွင် ဥဒါန်းသည် ရွှင်လန်းလှပါ၏။ သာယာကြည်နူး ရွှင်မြူးဖွယ် ကောင်းလှပါ၏ဟုဆိုချင်ပါသည်။ ပဌမ သံဂါယနာတင်အရှင်တို့က ဥဒါန်းကို ဤသို့မြွက်ကြားကြပါသည်–

သောမနဿ ဉာဏ်ဖြင့်ပြီးသော၊ ဂါထာနှင့်ယှဉ်သော၊
ရှစ်ဆယ့်နှစ်ပါးသောသုတ်တို့ကို ဥဒါန်းဟူ၍ သိအပ်၏။



ဥဒါန်းသည် ရွှင်လန်းစွာကျူးရင့်ခြင်းပင်ဖြစ်၏။ မြတ်စွာဘုရားသည် မျက်မှောက်တွေ့မြင်ရသောအကြောင်းအရာ အဖြစ်အပျက်ပေါ်တွင် ဓမ္မတရားကို တွေ့မြင်တော်မူရာ ကြည်နူးလှသဖြင့် ရင့်ကျူးသောတရားအပေါင်းကို ဥဒါန်းဟု သတ်မှတ်ခေါ်တွင်ကြခြင်းဖြစ်၏။ မြန်မာလို ညည်းချင်းနှင့်ခပ်ဆင်ဆင်တူလေသည်။

သြော် ဂိမာန်အတာ၊ ချိန်အခါကို၊ စိန်ကြာညောင်လွှ၊ ရောင်ကြိုးကြွမှာ၊ အလှငယ်ထူးချွန်၊ သုံးရွှေမှူး ကြော့ကြူးလွန်တို့၊ လွှမ်းဝှန်ငယ်ရှည်၊ ပြန့်ဆည်မတန့်အောင်၊ ငွေနားပန့်ရှင်၊ တောမီးခင်လဲ၊ မနှင်ထွန်တိုက်၊ ချွန်စူးငယ်စိုက်လို့၊ အလိုက်ကယ်စာရေ၊ စဉ်ဆက်မျိုးလာ ကြက်ရိုးစာနှင့်၊ ဘာသာငယ်ဖွေသည်၊ ခေါင်ရေပျော်ပွဲ ဖွဲ့ကြတယ်။ တံငါလောင်းလှေ၊ တစ်ပုံတစ်သီး၊ ဒေါင်ဒင်တီးလို့၊ ယဉ်စီးငယ်ထွေသည်၊ ကြည်ရေညိုလှဲ့ စိမ်းမြတယ်။ ပြဘင်္ဂရု၊ ဖန်နေနန်းလဲ၊ ပြင်ခန်းလုလို့၊ ဖဂ္ဂုနမာသံ၊ လအဖန်ကို၊ ဘယ်ဉာဏ်ပိုင့်ရှင်၊ မလွှမ်းအောင် ဆင်ပါ့မယ် –

ရှစ်ခွင်တိုင်း မှုန်မှိုင်းတဲ့ပတ်လည်၊
သဇင်ကြွင်းငယ်နှင့်
အင်ကြင်းသန္တာညွှန့်တို့
ဖူးကွန့်ကိုက်စည်။
ဘမရာရွှေပိတုန်းငယ်တို့
ခြွေသုံးကြဝတ်ရည်
ညွတ်ကြည်ဘွဲ့ဖော်ကွဲ။
ယင်းသည့်နေ့ဆိုင်း၊ ရသေ့သူတော်တိုင်မှ
ဉာဏ်မခိုင်၊ စျာန်ယိုင်လျှောရတယ်
ရာသီတွင် စာညီပြောပေပ
ကြော၍သာမြဲ။ ။

ဥဒါန်းပါဠိတော်၏ ပုံသဏ္ဍာန်မှာလည်း ဤနည်းဆင်ဆင်ဖြစ်၏။ ရှေးဦးစွာ အကြောင်းအရာ အတ္ထုပ္ပတ္တိကိုဖော်ပြပြီးနောက် ထိုနှင့်စပ်လျဉ်းသော ဥဒါန်းဂါထာကျူးရင့်လေသည်။ စာရေးသူဘာသာပြန်ဆိုသော ဓမ္မပဒမှာလည်း ဂါထာတို့၏အထက်တွင် ဝတ္ထုဇာတ်လမ်းများပါဝင်လေသည်။ စင်စစ် ဓမ္မပဒ ပါဠိတော်တွင်ပါဝင်သော ဇာတ်ဝတ္ထုတို့မဟုတ်ချေ။ အရှင်ဗုဒ္ဓဃောသ၏ အဋ္ဌကထာစကားကို လိုရင်းကောက်နုတ်အကျဉ်းချုပ် ဖော်ပြလိုက်ခြင်းဖြစ်၏။ ဥဒါန်းဂါထာတို့၏အထက်တွင်ပါဝင်သော အကြောင်းအရာတို့ကား ဥဒါန်းပါဠိတော်မှာပင် တိုက်ရိုက်လာသော ဝတ္ထုဇာတ်လမ်းတို့ဖြစ်လေသည်။ ထို့ကြောင့် ပိုပြီးနှစ်သက်ဖွယ်ကောင်း၍ ခိုင်လုံပြည့်စုံ၏။ ဇာတ်လမ်းတို့မှာ မတိုလွန်း မရှည်လွန်း အနေတော်သင့်လျော်သော အရွယ်ဖြစ်၏။

ပါဠိတော်စကားများမှာ အခိုင်အမာဖြစ်၍ လွန်စွာသေချာလှပါ၏။ ခိုင်မာသေချာခြင်းကို ဦးစားပေးရသဖြင့် စကားအထပ်ထပ်ဆိုရသောအရာ အတန်များစွာပါဝင်သည်။ ဤဘာသာပြန်တွင်မူ သက်သောင့်သက်သာ ဖတ်ရှုနိုင်စေရန် ထိုအကြိမ်ကြိမ် အခါခါဆိုသောစကားတို့ကို ထည့်သွင်းပြန်ဆိုခြင်းမပြုတော့ပါ။ သိလောက်ရုံမျှတစ်ခါသာဖော်ပြလိုက်ပါသည်။ သို့ဖြင့် ပါဠိတော် စကားချွတ်ယွင်းတိမ်းပါးခြင်းကား အလျဉ်းမရှိသည့်ပြင် သက်သာချောင်လည်စွာ ကြည့်ရှုလေ့လာရခြင်း၊ အချိန်ကုန်နည်းခြင်း၊ စာအုပ်ဖိုးသက်သာခြင်းစသော အကျိုးအာနိသင်တို့ပင် ရရှိလိမ့်မည်ဟု ယုံကြည်ပါသည်။ ဤစာအုပ်၏ အဓိက ရည်ရွယ်ချက်မှာလည်း မြတ်စွာဘုရား၏ တရားကို လူအများသုံးဆောင်နိုင်စေရန် ဖြစ်ပါသည်။

မြတ်စွာဘုရား သာယာကြည်နူးသဖြင့် ဥဒါန်းကျူးရင့်သောသုတ်တို့ကို ကြည့်ရှုလေ့လာရသောကြောင့် အဘယ်မျှကြည်နူးမွေ့လျော်ဖွယ် ကောင်းမည်နည်း။ ဤတွင် သုတ်ပေါင်းရှစ်ဆယ့်နှစ်သုတ်ပါဝင်လေရာ



သုတ်တိုင်းသုတ်တိုင်းသည် သာယာကြည်နူးဖွယ်အတိပြီး၏။ ပထမ ဗောဓိသုတ်တွင် မြတ်စွာဘုရားသည် နေရဉ္ဇရာမြစ်ကမ်းပါး ဗောဓိပင်ရင်း၌ ထိုင်လျက် ဝိမုတ္တိသုခကို ခံစားနေရာမှ ဥဒါန်းကျူးရင့်တော်မူသည်။

မြတ်စွာဘုရား ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ဗောဓိပင်သည် နေပူထီးတည်း သဲကန္တာရခရီးက ညောင်ပင်မဟုတ်ချေ။ နေရဉ္ဇရာမြစ်ညာကမ်းနားတွင်တည်ရှိ၏။ တော၏ သဘာဝအလှမျိုးအသွယ်သွယ်ကို အတင့်အတယ် ချယ်လှယ်သော ညောင်ညိုသာဝှမ်း ဗောဓိနန်းလည်းဖြစ်သည်။ မျက်နှာစာတွင်လည်း နေရဉ္ဇရာမြစ်ရေသာသည် အလွှာအလွှာ ဖြာဖြာထွေထွေ စီးလျက်နေလေသည်။ ဤသို့လျှင် သာယာရွှင်လန်းသော ရိပ်သာစခန်းတို့မှထွက်ပေါ်လာသောဥဒါန်းတို့ဖြစ်လေရာ လေ့လာသူတို့အားလည်း ဓာတ်ကူး၍ကြည်နူးမည်မှာ ယုံမှားဖွယ်မရှိချေ။

မွေ့လျော်ဖွယ်ရာသည် ရတနာ ဖြစ်၏။ မွေ့လျော်ဖွယ်တို့တွင် တရား ရတနာဖြင့်မွေ့လျော်ခြင်းသည် မြတ်၏။ မွေ့လျော်စမ်းပါဘိ၊ ဗုဒ္ဓဓမ္မ၏ အရသာကို သာယာကြည်နူးလိုသူ လေ့လာလိုသူတို့အတွက် ခုဒ္ဒကနိကာယ်တွင် ဤဥဒါန်းနှင့်အတူပါဝင်သော ဣတိဝုတ်နှင့်သုတ္တနိပါတ် ပါဠိတော် ဘာသာပြန်တို့လည်း အသင့်ရှိနေပါသည်။ ဤပါဠိတော်တို့သည် ဗုဒ္ဓဝါဒကို လေ့လာရန်အတွက် လေးနက်ခိုင်လုံသောအချက်အလက်တို့ဖြစ်သည်။ နိုင်ငံခြားသုတေသီတို့သည် ဤကျမ်းတို့ကို အထောက်အထားပြုပြီး ဗုဒ္ဓဝါဒကို ဖော်ပြနေကြရာ မြန်မာတို့အနေဖြင့် အတန်ပင်နောက်ကျနေလေသည်။ စင်စစ် ခုဒ္ဒကနိကာယ် ပါဠိတော်တို့သည် ဗုဒ္ဓဝါဒ၏ သင်ခန်းစာ ဖတ်စာတို့လည်းဖြစ်၏။ ဤဖတ်စာတို့ကို ဖတ်ရှုလေ့လာခြင်း မရှိဘဲ ဗုဒ္ဓဝါဒကို ဆွေးနွေးခြင်းမှာ ရယ်ဖွယ်ရာဖြစ်နေပေလိမ့်မည်။ ထို့ကြောင့် ဗုဒ္ဓဝါဒအတွက် ဤကျမ်းတို့ကို ကောင်းစွာလေ့လာထိုက်ပေသည်။

**၂၊ ၁၁၊ ၆၈။** **သော်ဇင်**

# ၁။ ဗောဓိဝဂ်

## ၁။ ပထမဗောဓိသုတ်

အကျွန်ုပ်သည် ဤသို့ကြားနာခဲ့ရပါသည်။

အခါတစ်ပါး မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစ ဥရုဝေလ တော နေရဉ္ဇရာမြစ်ကမ်းနား ဗောဓိပင်အနီး၌နေတော်မူ၏။ ထိုအခါ မြတ်စွာ ဘုရားသည် ခုနစ်ရက်ပတ်လုံး တင်ပျဉ်ခွေကာ ဝိမုတ္တိသုခ ခံစားလျက် တစ်ထိုင်တည်း နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုခုနစ်ရက်ကို လွန်သဖြင့် ထိုသမာဓိမှထတော်မူ၍ ညဉ့်၏ပထမယာမ်ပတ်လုံး ပဋိစ္စ သမုပ္ပါဒ်တရားကို အနုလုံအားဖြင့် ကောင်းစွာနှလုံးသွင်းတော်မူ၏။

ဤအကြောင်းတရားဖြစ်လတ်သော် ဤအကျိုးတရားဖြစ်၏။ ဤ အကြောင်းတရားဖြစ်ခြင်းကြောင့် ဤအကျိုးတရားဖြစ်ပေါ်လာ၏။ ယင်း အကြောင်းအကျိုးတို့ကား –

မသိမှု အဝိဇ္ဇာကြောင့် ပြုပြင်စီရင်မှုသင်္ခါရတို့ဖြစ်ကုန်၏။ ပြုပြင် စီရင်မှု သင်္ခါရတို့ကြောင့် ပဋိသန္ဓေဝိညာဏ်ဖြစ်၏။

ပဋိသန္ဓေ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။

နာမ်ရုပ်ကြောင့် အာယတနခြောက်ပါး (သဠာယတန) ဖြစ်၏။

အာယတနခြောက်ပါးကြောင့် တွေ့ထိမှု ဖဿဖြစ်၏။

တွေ့ထိမှုဖဿကြောင့် ခံစားမှုဝေဒနာဖြစ်၏။

ခံစားမှုဝေဒနာကြောင့် တပ်နှစ်သက်မှုတဏှာဖြစ်၏။



တပ်နှစ်သက်မှုတဏှာကြောင့် စွဲလမ်းမှုဥပါဒါန်ဖြစ်၏။

စွဲလမ်းမှုဥပါဒါန်ကြောင့် ဖြစ်ကြောင်းဘဝဖြစ်၏။

ဖြစ်ကြောင်းဘဝကြောင့် ပဋိသန္ဓေနေမှု ဇာတိဖြစ်၏။

ပဋိသန္ဓေနေမှုဇာတိကြောင့် အိုမှုဇရာ၊ သေမှု မရဏ၊ စိုးရိမ်မှု သောက၊ ငိုကြွေးမှု ပရိဒေဝ၊ ကိုယ်ဆင်းရဲမှု ဒုက္ခ၊ စိတ်ဆင်းရဲမှု ဒေါမနဿ၊ ပြင်းစွာပင်ပန်းမှု ဥပါယာသတို့ဖြစ်ပေါ်လာကုန်၏။

ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစုသည် ဖြစ်ပွား၏။

ထိုအခါ မြတ်စွာဘုရားသည် ဤပဋိစ္စသမုပ္ပါဒ်သဘောကို သိ တော်မူ၍ ထိုသိသောအချိန်၌ ဤဥဒါန်းကို ကျူးရင့်တော်မူ၏ –

“အကြင်အခါ ကိလေသာကို ပူပန်စေတတ်သော၊ လုံ့လရှိသော မကောင်းမှုကို ရှို့မြှိုက်တတ်သော၊ မကောင်းမှုမှအပပြုပြီးသော ဗြာဟ္မဏအား စင်စစ်အားဖြင့် တရားတို့သည် ထင်ရှားဖြစ်ပေါ် လာကုန်၏။ ထိုအခါအကြောင်းနှင့်တကွ တရားကို အပြားအားဖြင့် သိသောကြောင့် ထိုမကောင်းမှုမှအပ ပြုပြီးသောဗြာဟ္မဏအား ယုံမှားခြင်းအားလုံးတို့သည် ကင်းပျောက်ကုန်၏”

## ၂။ ဒုတိယဗောဓိသုတ်

အခါတစ်ပါး မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစ ဥရုဝေလ တော နေရဉ္ဇရာမြစ်ကမ်းနား ဗောဓိပင်အနီး၌ နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး တင်ပျဉ်ခွေကာ ဝိမုတ္တိသုခ ခံစား လျက် တစ်ထိုင်တည်းနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ထို ခုနစ်ရက်ကို လွန်သဖြင့် ထိုသမာဓိမှထတော်မူ၍ ညဉ့်၏မဇ္ဈိမယာမ်ပတ်လုံး ပဋိစ္စသမုပ္ပါဒ်တရားကို ပဋိလုံအားဖြင့် ကောင်းစွာနှလုံးသွင်းတော်မူ၏။

ဤအကြောင်းအရာမဖြစ်လတ်သော် ဤအကျိုးတရားမဖြစ်။ ဤ

အကြောင်းတရားချုပ်ခြင်းကြောင့် ဤအကျိုးတရားချုပ်၏။ ယင်းအကြောင်း အကျိုးတို့ချုပ်ပုံကား –

မသိမှု အဝိဇ္ဇာချုပ်ခြင်းကြောင့် ပြုပြင်စီရင်မှုသင်္ခါရ ချုပ်၏။

ပြုပြင်စီရင်မှုသင်္ခါရချုပ်ခြင်းကြောင့် ပဋိသန္ဓေဝိညာဏ် ချုပ်၏။

ပဋိသန္ဓေဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ် ချုပ်၏။

နာမ်ရုပ်ချုပ်ခြင်းကြောင့် အာယတနခြောက်ပါး(သဠာယတန) ချုပ်၏။

အာယတနခြောက်ပါးချုပ်ခြင်းကြောင့် တွေ့ထိမှုဖဿ ချုပ်၏။

တွေ့ထိမှုဖဿချုပ်ခြင်းကြောင့် ခံစားမှုဝေဒနာ ချုပ်၏။

ခံစားမှုဝေဒနာချုပ်ခြင်းကြောင့် တပ်နှစ်သက်မှုတဏှာ ချုပ်၏။

တပ်နှစ်သက်မှုတဏှာချုပ်ခြင်းကြောင့် စွဲလမ်းမှုဥပါဒါန် ချုပ်၏။

စွဲလမ်းမှုဥပါဒါန်ချုပ်ခြင်းကြောင့် ဖြစ်ကြောင်းဘဝ ချုပ်၏။

ဖြစ်ကြောင်းဘဝချုပ်ခြင်းကြောင့် ပဋိသန္ဓေနေမှု ဇာတိ ချုပ်၏။

ပဋိသန္ဓေနေမှုဇာတိချုပ်ခြင်းကြောင့် အိုမှု ဇရာ၊ သေမှုမရဏ၊ စိုးရိမ်မှု သောက၊ ငိုကြွေးမှုပရိဒေဝ၊ ကိုယ်ဆင်းရဲမှုဒုက္ခ၊ စိတ်ဆင်းရဲမှု ဒေါမနဿ၊ ပြင်းစွာ ပင်ပန်းမှု ဥပါယာသတို့ချုပ်ကုန်၏။

ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစုသည် ချုပ်ပျောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤသဘောကို သိတော်မူ၍ ထို သိသော အချိန်၌ ဤဥဒါန်းကို ကျူးရင့်တော်မူ၏–

“အကြင်အခါ ကိလေသာကို ပူပန်စေတတ်သော၊ လုံ့လရှိသော မကောင်းမှုကို ရှို့မြိုက်တတ်သော၊ မကောင်းမှုမှအပပြုပြီးသော ဗြာဟ္မဏအား စင်စစ်အားဖြင့် တရားတို့သည် ထင်ရှားဖြစ်ပေါ် လာကုန်၏။ ထိုအခါ အဝိဇ္ဇာစသောအကြောင်းတရားတို့၏ ကုန်ရာ နိဗ္ဗာန်ကို သိသောကြောင့် ထိုမကောင်းမှုမှအပ ပြုပြီးသော



ဗြာဟ္မဏအား ယုံမှားခြင်းအားလုံးတို့သည် ကင်းပျောက်ကုန်၏”

## ၃။ တတိယဗောဓိသုတ်

အခါတစ်ပါး မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစ ဥရုဝေလ တော နေရဉ္ဇရာမြစ်ကမ်းနား ဗောဓိပင်အနီး၌နေတော်မူ၏။ ထိုအခါ မြတ်စွာ ဘုရားသည် ခုနစ်ရက်ပတ်လုံး တင်ပျဉ်ခွေကာ ဝိမုတ္တိသုခ ခံစားလျက် တစ်ထိုင်တည်းနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုခုနစ်ရက်ကို လွန်သဖြင့် ထိုသမာဓိမှထတော်မူ၍ ညဉ့်၏နောက်ဆုံးပစ္ဆိမယာမ်ပတ်လုံး ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံအားဖြင့် ကောင်းစွာနှလုံးသွင်းတော်မူ၏။

ဤအကြောင်းတရားဖြစ်လတ်သော် ဤအကျိုးတရားဖြစ်၏။

ဤအကြောင်းတရားဖြစ်ခြင်းကြောင့် ဤအကျိုးတရားဖြစ်၏။ ဤအကြောင်းတရားမဖြစ်လတ်သော်ဤအကျိုးတရားမဖြစ်။ ဤ အကြောင်း တရားချုပ်ခြင်းကြောင့် ဤအကျိုးတရားချုပ်၏။ ယင်းဖြစ်ပုံ ချုပ်ပုံကား –

မသိမှု အဝိဇ္ဇာကြောင့် ပြုပြင်စီရင်မှု သင်္ခါရတို့ဖြစ်ကုန်၏။

ပြုပြင်စီရင်မှုသင်္ခါရတို့ကြောင့် ပဋိသန္ဓေ ဝိညာဏ်ဖြစ်၏။

ပဋိသန္ဓေဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။

နာမ်ရုပ်ကြောင့် အာယတနခြောက်ပါး (သဠာယတန) ဖြစ်၏။

အာယတနခြောက်ပါးကြောင့် တွေ့ထိမှုဖဿဖြစ်၏။

တွေ့ထိမှုဖဿကြောင့် ခံစားမှုဝေဒနာဖြစ်၏။

ခံစားမှုဝေဒနာကြောင့် တပ်နှစ်သက်မှုတဏှာဖြစ်၏။

တပ်နှစ်သက်မှုတဏှာကြောင့် စွဲလမ်းမှုဥပါဒါန်ဖြစ်၏။

စွဲလမ်းမှုဥပါဒါန်ကြောင့် ဖြစ်ကြောင်းဘဝဖြစ်၏။

ဖြစ်ကြောင်းဘဝကြောင့် ပဋိသန္ဓေနေမှု ဇာတိဖြစ်၏။

ပဋိသန္ဓေနေမှုဇာတိကြောင့် အိုမှုဇရာ၊ သေမှု မရဏ၊ စိုးရိမ်မှု

သောက၊ ငိုကြွေးမှု ပရိဒေဝ၊ ကိုယ်ဆင်းရဲမှု ဒုက္ခ၊ စိတ်ဆင်းရဲမှု ဒေါမနဿ တို့ဖြစ်ပေါ်ကုန်၏။

ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစုသည် ဖြစ်ပွား၏။

မသိမှုအဝိဇ္ဇာ၏သာလျှင် အကြွင်းမဲ့ချုပ်ခြင်းကြောင့် ပြုပြင်စီရင်မှု သင်္ခါရ ချုပ်၏။

ပြုပြင်စီရင်မှု သင်္ခါရချုပ်ခြင်းကြောင့် ပဋိသန္ဓေဝိညာဏ်ချုပ်၏။

ပဋိသန္ဓေဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏။

နာမ်ရုပ်ချုပ်ခြင်းကြောင့် အာယတနခြောက်ပါး (သဠာယတန) ချုပ်၏။

အာယတနချုပ်ခြင်းကြောင့် တွေ့ထိမှုဖဿ ချုပ်၏။

တွေ့ထိမှုဖဿချုပ်ခြင်းကြောင့် ခံစားမှုဝေဒနာ ချုပ်၏။

ခံစားမှုဝေဒနာချုပ်ခြင်းကြောင့် တပ်နှစ်သက်မှုတဏှာ ချုပ်၏။

တပ်နှစ်သက်မှုတဏှာချုပ်ခြင်းကြောင့် စွဲလမ်းမှုဥပါဒါန် ချုပ်၏။

စွဲလမ်းမှုဥပါဒါန်ချုပ်ခြင်းကြောင့် ဖြစ်ကြောင်းဘဝ ချုပ်၏။

ဖြစ်ကြောင်းဘဝချုပ်ခြင်းကြောင့် ပဋိသန္ဓေနေမှု ဇာတိ ချုပ်၏။

ပဋိသန္ဓေနေမှုဇာတိချုပ်ခြင်းကြောင့် အိုမှု ဇရာ၊ သေမှုမရဏ၊ စိုးရိမ်မှု သောက၊ ငိုကြွေးမှုပရိဒေဝ၊ ကိုယ်ဆင်းရဲမှုဒုက္ခ၊ စိတ်ဆင်းရဲမှု ဒေါမနဿ၊ ပြင်းစွာ ပင်ပန်းမှု ဥပါယာသတို့ချုပ်ကုန်၏။

ဤသို့လျှင် အလုံးစုံသော ဤဆင်းရဲအစုသည် ချုပ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤသဘောကို သိတော်မူ၍ ထိုသိသော အချိန်၌ ဤဥဒါန်းစကားကို ကျူးရင့်တော်မူ၏–

"အကြင်အခါ ကိလေသာကို ပူပန်စေတတ်သော၊ လုံ့လရှိသော မကောင်းမှုကို ရှို့မြှိုက်တတ်သော၊ မကောင်းမှုမှအပပြုပြီးသော ဗြာဟ္မဏအား စင်စစ်အားဖြင့် တရားတို့သည် ထင်ရှားဖြစ်ပေါ်



လာကုန်၏။ ထိုအခါ ကောင်းကင်ကို တောက်ပစေသော နေမင်းသည် အမိုက်တိုက်ကို ဖျက်ဆီးလျက် တည်နေသကဲ့သို့ ထိုဗြာဟ္မဏသည် မာရ်စစ်သည်ကို ဖျက်ဆီးလျက်တည်၏"

## ၄။ ဟုံဟကိုသုတ်

အခါတစ်ပါး မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစ ဥရုဝေလတော နေရဉ္ဇရာမြစ်ကမ်းနား အဇပါလညောင်ပင်အနီး၌နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ခုနစ်ရက်ပတ်လုံး တင်ပျဉ်ခွေကာ ဝိမုတ္တိသုခ ခံစားလျက် တစ်ထိုင်တည်းထိုင်နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုခုနစ်ရက်ကို လွန်သဖြင့် ထိုသမာဓိမှ ထတော်မူ၏။

ထိုအခါ တဟုန်းဟုန်းမာန်မူခြင်းကို ပြုတတ်သောသဘောရှိသော ပုဏ္ဏားတစ်ယောက်သည် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာနှုတ်ဆက်ပြောဆိုပြီးလျှင် တစ်ခုသောနေရာ၌ ရပ်တည်လျက် မြတ်စွာဘုရားအား "အရှင်ဂေါတမ၊ အဘယ်မျှဖြင့် ဗြာဟ္မဏဖြစ်ပါသနည်း။ ဗြာဟ္မဏအဖြစ်ကို ပြုတတ်သောတရားတို့ကား အဘယ်တို့ပါနည်း" ဟုလျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤပြဿနာ၏အနက်အဓိပ္ပာယ်ကို သိတော်မူ၍ ထိုသိသောအချိန်၌ ဤဥဒါန်းကို ကျူးရင့်တော်မူ၏–

"အကြင်သူသည် မကောင်းမှုကို အပပြုပြီးဖြစ်၏။ တဟုန်းဟုန်း မာန်မူခြင်းသဘော မရှိ။ ကိလေသာဟူသော ဖန်ရည်မရှိ။ ဘာဝနာကို စီးဖြန်းအားထုတ်သောစိတ်ရှိ၏။ သိခြင်း၏အဆုံး အရဟတ္တဖိုလ်သို့ရောက်၏။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးဖြစ်၏။ ထိုပုဂ္ဂိုလ်သည်သာ ဗြာဟ္မဏမည်၏။ ထိုဗြာဟ္မဏသည် သဘောဖြင့်မြတ်သော စကားကိုလည်း ဆိုရာ၏။ အကြင်ပုဂ္ဂိုလ်သည်

လောကဝယ် တစ်စုံတစ်ရာအာရုံ၌တပ်မက်မှု စသည် တိုးပွားခြင်း မရှိ။ ထိုပုဂ္ဂိုလ်သည်သာ ဟုတ်မှန်သောသဘောဖြင့် ငါဗြာဟ္မဏ ဟုပြောဆိုထိုက်၏ ”

## ၅။ ဗြာဟ္မဏသုတ်

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌သီတင်းသုံးနေတော်မူ၏။ ထို အခါ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်မဟာကစ္စာယန၊ အရှင်မဟာကောဋ္ဌိက၊ အရှင်မဟာကပ္ပိန၊ အရှင် မဟာစုန္ဒ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ရေဝတနှင့်အရှင်အာနန္ဒတို့သည် မြတ်စွာ ဘုရားထံသို့ ချဉ်းကပ်ကြကုန်၏။

မြတ်စွာဘုရားသည် ထိုအရှင်မြတ်တို့လာကြသည်ကို အဝေးက ပင် မြင်၍ ရဟန်းတို့အား “ရဟန်းတို့၊ ဗြာဟ္မဏဖြစ်သော ထိုသူတို့လာကြ ကုန်၏။ ရဟန်းတို့၊ ဗြာဟ္မဏဖြစ်သော ထိုသူတို့လာကြကုန်၏ ” ဟု မိန့် တော်မူ၏။

ဤသို့မိန့်တော်မူသော် ဗြာဟ္မဏဇာတ်ရှိသော ရဟန်းတစ်ပါး သည် မြတ်စွာဘုရားအား “အရှင်ဘုရား၊ အဘယ်မျှဖြင့် ဗြာဟ္မဏ မည်ပါ သနည်း။ ဗြာဟ္မဏအဖြစ်ကို ပြုတတ်သောတရားတို့ကား အဘယ်မျှတို့ပါ နည်း ” ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုပြဿနာ၏အနက်အဓိပ္ပာယ်ကို သိတော်မူ၍ ထိုသိသောအချိန်၌ ဤဥဒါန်းကို ကျူးရင့်တော်မူ၏ –

“အကြင်ပုဂ္ဂိုလ်တို့သည် မကောင်းမှုတရားတို့ကို အပပြုပြီးဖြစ်လျှင် အခါခပ်သိမ်းသတိရှိကုန်သည်ဖြစ်၍ သွားလာနေထိုင်ကုန်၏။ သံယောဇဉ်ကုန်ခန်းပြီး၍ သစ္စာလေးပါးကိုသိပြီး ဖြစ်ကုန်သော



ထို ပုဂ္ဂိုလ်တို့သာ လောက၌ အမှန် စင်စစ် ဗြာဟ္မဏတို့မည်ကုန် ၏ ”

## ၆။ မဟာကဿပသုတ်

အခါတစ်ပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေး၍မွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌သီတင်းသုံးနေတော်မူ၏။ ထိုအခါ အရှင်မဟာကဿပသည် မကျန်းမမာ အနာနှိပ်စက်သည်ဖြစ်၍ ဆင်းရဲခြင်းသို့ရောက်လျက် ပိပ္ပလိလိုဏ်ဂူ၌နေတော်မူ၏။ ထို့နောက် အခါ တစ်ပါး၌ အရှင်မဟာကဿပသည် ထိုအနာမှ ထမြောက်၏။ ထိုအနာမှ ထမြောက်ပြီးသော အရှင်မဟာကဿပအား ‘ငါသည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်ရမူ ကောင်းလေစွ’ ဟု အကြံဖြစ်၏။

ထိုအခါ နတ်သမီးငါးရာတို့သည် အရှင်မဟာကဿပ၏ ဆွမ်း ရေးအတွက် ကြောင့်ကြစိုက်နေကြကုန်၏။ ထိုအခါ အရှင်မဟာကဿပ သည် ထိုနတ်သမီးငါးရာတို့ကို ပယ်ကာ နံနက်အခါသင်္ကန်းကိုပြင်ဝတ်၍ သပိတ် သင်္ကန်းကိုယူဆောင်ပြီးလျှင် ရာဇဂြိုဟ်ပြည် ဆင်းရဲသားရပ်ကွက် လမ်းခရီး၊ ခိုကိုးရာမဲ့တို့ရပ်ကွက်လမ်းခရီး၊ ရက်ကန်းသည်ရပ်ကွက်လမ်းခရီး သို့ ဆွမ်းခံဝင်တော်မူ၏။ မြတ်စွာဘုရားသည် ဆွမ်းခံလှည့်လည်နေသော အရှင်မဟာကဿပကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုအကြောင်းအရာကို သိတော်မူ၍ ထိုသိသောအချိန်၌ ဤဥဒါန်းကို ကျူးရင့်တော်မူ၏ –

“သူတစ်ပါးတို့မွေးမြူမှုမခံမူ၍ (လာဘ်ပူဇော်သက္ကာအတွက် မိမိ ကိုယ်ကို) ထင်ရှားအောင်မပြုသော ဣန္ဒြေတို့ကို ဆုံးမပြီး၍ အရ ဟတ္တဖိုလ်ဟူသော အနှစ်သာရ၌တည်သော၊ အာသဝေါ ကုန် ခန်းပြီး၍ အပြစ်ဒေါသကို ထွေးအန်ပြီးသောပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဟော၏ ”

## ၇။ အဇကလာပကသုတ်

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ပါဝါပြည် အဇကလာပက ဘီလူးနေရာ အဇကလာပကနတ်ကွန်း၌ သီတင်းသုံးနေတော်မူ၏။ ထို အခါ မြတ်စွာဘုရားသည် အလွန်မှောင်မိုက်သောညဉ့်ဝယ် လွင်တီးခေါင်၌ နေတော်မူ၏။ မိုးသည်လည်း တစ်ပေါက်တစ်ပေါက်ရွာကျ၏။

ထိုအခါ အဇကလာပကဘီလူးသည် မြတ်စွာဘုရားအား ကြောက်ခြင်း၊ တုန်လှုပ်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းကို ဖြစ်စေလိုသော ကြောင့် မြတ်စွာ ဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာဘုရား၏မနီးမဝေးအရပ်၌ "အက္ကုလ ပက္ကုလ" (ရဟန်း၊ ဤသူသည် အသားကိုစားတတ်သော ဘီလူး တည်း)ဟု သုံးကြိမ်တိုင်တိုင် အသံကိုပြု၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုဘီလူးသဘောကို သိတော်မူ၍ ထိုသိသောအချိန်၌ ဤဥဒါန်းကို ကျူးရင့်တော်မူ၏–

"အကြင်အခါ၌ ရဟန္တာပုဂ္ဂိုလ်သည် မိမိ၏သီလ သမာဓိ စသော တရားတို့၌ တစ်ဖက်ကမ်းသို့ရောက်၏။ ထိုအခါ၌ ဤပြအပ် သော ကြောက်မက်ဖွယ်ဘီလူးရုပ်ကိုလည်းကောင်း၊ အက္ကုလ ပက္ကုလကိုလည်းကောင်း လွန်မြောက်နိုင်၏"

## ၈။ သင်္ဂါမဇိသုတ်

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ် သူဌေး၏အရံဖြစ်သော ဇေတဝန်ကျောင်း၌သီတင်းသုံးနေတော်မူ၏။ ထို အခါ အရှင်သင်္ဂါမဇိသည် သာဝတ္ထိပြည်သို့ မြတ်စွာဘုရားကို ဖူးမြော်ခြင်း ငှာ ရောက်လာ၏။ အရှင်သင်္ဂါမဇိ၏မယားဟောင်းသည် 'အရှင်သင်္ဂါမဇိ သည် သာဝတ္ထိပြည်သို့ရောက်လာသည်ဟု' ကြား၍ သားငယ်များကို ခေါ် ယူလျက် ဇေတဝန်ကျောင်းသို့သွား၏။



ထိုအခါ အရှင်သင်္ဂါမဇိသည် သစ်ပင်တစ်ပင်၏အရင်း၌ နေသန့် စင်ခြင်းဖြင့် ထိုင်နေတော်မူ၏။ ထိုအခါ အရှင်သင်္ဂါမဇိ၏ မယားဟောင်း သည် အရှင်သင်္ဂါမဇိထံသို့ချဉ်းကပ်၍ အရှင်သင်္ဂါမဇိအား "ရဟန်း၊ သား ငယ် ရှိသောကျွန်မကို လုပ်ကျွေးပါလော့"ဟု ဤစကားကို လျှောက်၏။

ဤသို့လျှောက်လေသော် အရှင်သင်္ဂါမဇိသည် ဆိတ်ဆိတ်နေ ၏။

နှစ်ကြိမ်မြောက်လည်း အရှင်သင်္ဂါမဇိ၏မယားဟောင်းသည် အရှင်သင်္ဂါမဇိအား "ရဟန်း၊ သားငယ်ရှိသောကျွန်တော်မကို လုပ်ကျွေး ပါလော့" ဟု လျှောက်၏။ နှစ်ကြိမ်မြောက်လည်း အရှင်သင်္ဂါမဇိသည် ဆိတ်ဆိတ်နေ၏။

သုံးကြိမ်မြောက်လည်း အရှင်သင်္ဂါမဇိသည် ဆိတ်ဆိတ်နေ၏။

ထိုအခါ အရှင်သင်္ဂါမဇိ၏မယားဟောင်းသည် ထိုကလေးကို အရှင်သင်္ဂါမဇိ၏ရှေ့၌ချထား၍ "ရဟန်း၊ ဤကလေးသည် သင်၏သား တည်း။ ထိုသားကို လုပ်ကျွေးလော့"ဟု ဖဲသွားလေ၏။

ထိုအခါ အရှင်သင်္ဂါမဇိ၏မယားဟောင်းသည် မနီးမဝေးအရပ် သို့ရောက်၍ ပြန်ကြည့်လတ်သော် ထိုကလေးကို ကြည့်လည်း မကြည့်၊ စကားလည်း မပြောသော အရှင်သင်္ဂါမဇိကိုမြင်သောကြောင့် "ဤရဟန်း သည် သားဖြင့်လည်း အလိုမရှိ"ဟု ထိုမယားဟောင်းအား အကြံဖြစ်၏။ ထို့ကြောင့် ပြန်လှည့်၍ ကလေးကိုခေါ်ပြီးလျှင် ဖဲသွားလေ၏။

မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သောလူတို့၏မျက်စိ အမြင်ကိုလွန်သော နတ်မျက်စိနှင့်တူသော 'ဒိဗ္ဗစက္ခု' ဉာဏ်မျက်စိဖြင့် အရှင် သင်္ဂါမဇိ မယားဟောင်း၏ ဤဖောက်ပြန်ပုံသဘောကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအနက်သဘောကို သိတော်မူ၍ ထိုသိသောအချိန်၌ ဤဥဒါန်းကို ကျူးရင့်တော်မူ၏–

“လာသောမယားဟောင်းကို မနှစ်သက်။ ပြန်သွားသည်ကို မစိုးရိမ်။ ကပ်ငြိတွယ်တာခြင်းမှ လွတ်သော သင်္ဂါမဇိရဟန်းကို ဗြာဟ္မဏ ဟု ငါဟော၏”

## ၉။ ဇဋိလသုတ်

အခါတစ်ပါး မြတ်စွာဘုရားသည် ဂယာမြို့ ဂယာသီသတောင်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ များစွာသောရသေ့တို့သည် ချမ်းအေးကုန်သော ဆောင်းဥတု ညဉ့်အခါ (တပို့တွဲ၊ တပေါင်းလတို့၏အကြား) ရှစ်ညဉ့်တို့ဝယ် ဆီးနှင်းကျရာအခါ၌ ဤအကျင့်ဖြင့်စင်ကြယ်၏ဟု ဂယာဆိပ်၌ ငုပ်လည်းငုပ်ကြကုန်၏။ ပေါ်လည်းပေါ်ကြကုန်၏။ ငုပ်ခြင်း ပေါ်ခြင်းကိုလည်း ပြုကြကုန်၏။ ခပ်၍လည်း သွန်းလောင်းကြကုန်၏။ မီးကိုလည်း ပူဇော်ကြကုန်၏။ မြတ်စွာဘုရားသည် ထိုများစွာသောရသေ့တို့ကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအနက်သဘောကို သိတော်မူ၍ ထိုသိသောအချိန်၌ ဤဥဒါန်းကို ကျူးရင့်တော်မူ၏ –

“ဤဂယာမြစ်ဆိပ်၌ များစွာသောလူအပေါင်းသည် ရေချိုး၏။ ရေကြောင့် စင်ကြယ်ခြင်းကား မဖြစ်နိုင်။ အကြင်ပုဂ္ဂိုလ်၌သစ္စာသည်လည်းကောင်း၊ မဂ်ဖိုလ်တရားသည် လည်းကောင်း ရှိ၏။ ထိုပုဂ္ဂိုလ်သည်စင်ကြယ်၏၊ ထိုပုဂ္ဂိုလ်သည်သာ ဗြာဟ္မဏမည်၏”

## ၁၀။ ဗာဟိယသုတ်

အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ သစ်သားပျဉ်ချပ်ဝတ်သောကြောင့် ဒါရုစီရိယမည်သော ဗာဟိယသည် ရိုသေခြင်း၊ လေးမြတ်ခြင်း၊



မြတ်နိုးခြင်း၊ ပူဇော်ခြင်း၊ တုပ်ဝပ်ခြင်းကို ခံယူလျက် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ သူနာတို့၏အထောက်အပံ့ ဆေးအသုံးအဆောင်ကို ရသည်ဖြစ်၍ သမုဒ္ဒရာကမ်းခြေသုပ္ပါရကဆိပ်၌နေ၏။ ထိုအခါ ဒါရုစီရိယမည်သော ဗာဟိယအား ဆိတ်ငြိမ်ရာသို့ကပ်၍ တစ်ယောက်တည်းကိန်းအောင်းရာ၌ လောက၌ ရဟန္တာတို့သည်လည်းကောင်း၊ အရဟတ္တမဂ်သို့ရောက်ကြသောသူတို့သည်လည်းကောင်း ရှိကုန်၏။ ငါသည် ထိုသူတို့တွင် တစ်ယောက်အပါအဝင်တည်းဟု ဤသို့စိတ်အကြံသည် ဖြစ်၏။

ထိုအခါ ဗာဟိယ၏ရှေးဘဝကဆွေမျိုးတော်ဖူးသောနတ်သားသည် စောင့်ရှောက်လိုသည်၊ အစီးအပွားကို အလိုရှိသည်ဖြစ်၍ သစ်သားအဝတ်ဝတ်သော ဗာဟိယ၏စိတ်အကြံကို မိမိစိတ်ဖြင့်သိသောကြောင့် ဗာဟိယရှိရာသို့ ချဉ်းကပ်၍ ဗာဟိယကို “ဗာဟိယ၊ သင်သည်ရဟန္တာလည်းမဟုတ်၊ အရဟတ္တမဂ်သို့ရောက်သူလည်းမဟုတ်၊ အကြင်အကျင့်ဖြင့် သင်သည် ရဟန္တာလည်းဖြစ်ရာ၏၊ အရဟတ္တမဂ်သို့လည်း ရောက်ရာ၏၊ သင့်အား ထိုအကျင့်မျှသော်လည်း မရှိ”ဟု ဤစကားကိုပြောဆို၏။

ထိုအခါ ဗာဟိယသည် နတ်သားအား “နတ်နှင့်တကွသော လောက၌ ရဟန္တာသည်လည်းကောင်း၊ အရဟတ္တမဂ်သို့ရောက်သောသူတို့သည်လည်းကောင်း အဘယ်အရပ်၌နေကြကုန်သနည်း” ဟု မေးလေ၏။

“ဗာဟိယ၊ ဥတ္တရတိုင်း ဇနပုဒ်တို့၌ သာဝတ္ထိမည်သောမြို့သည် ရှိ၏။ ထိုသာဝတ္ထိမြို့၌ သစ္စာလေးပါးကို သိတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားသည် ယခုအခါ၌နေတော်မူ၏။ ဗာဟိယ၊ ထိုမြတ်စွာ ဘုရားသည် ရဟန္တာလည်းဟုတ်၏။ ရဟန္တာဖြစ်ခြင်းငှာ တရားကိုလည်းဟော ၏” ဟုပြောလေ၏။

ထိုအခါ ဗာဟိယသည် ထိုနတ်သား၏ထိတ်လန့်စေမှုကြောင့် ထိုခဏ၌ပင် သုပ္ပါရကဆိပ်ကမ်းမှ ဖဲသွားလေ၏။ ခရီးအားလုံးတို့၌

တစ်ညဥ့်အိပ် နေခြင်းဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ရောက်၏။ ထို အခါ၌ များစွာသောရဟန်းတို့သည် လွင်တီးခေါင်၌ စင်္ကြံသွားကုန်၏။ ထိုအခါ ဗာဟိယသည် ထိုရဟန်းတို့ရှိရာသို့ချဥ်းကပ်၍ ထိုရဟန်းတို့ကို "အရှင်ဘုရားတို့၊ မြတ်စွာဘုရားသည် ယခုအခါ အဘယ်မှာနေပါသနည်း။ မြတ်စွာဘုရားကို ဖူးမြင်လိုပါကုန်၏" ဟု လျှောက်ထား၏။

"ဗာဟိယ၊ မြတ်စွာဘုရားသည် ဆွမ်းအလို့ငှာ ရွာတွင်းသို့ ဝင်တော်မူ၏"ဟု ပြောဆိုကြကုန်၏။

ဗာဟိယသည် လျင်မြန်သောသဘောရှိကာ ဇေတဝန် ကျောင်းတော်မှ ထွက်၍ သာဝတ္ထိမြို့သို့ဝင်လတ်သော် ကြည်ညိုဖွယ်ရှိသော၊ ကြည်ညိုဖွယ်ကို ဆောင်သော၊ ငြိမ်သက်သော၊ ဣန္ဒြေရှိသော၊ ငြိမ်းအေးသော စိတ်ရှိသော၊ မြတ်သော သမထသို့ရောက်သော၊ ယဥ်ကျေးသော၊ လုံခြုံသော၊ ရဟန်းဣန္ဒြေရှိ သော၊ ရဟန္တာဖြစ်သောမြတ်စွာဘုရားကို သာဝတ္ထိမြို့၌ ဆွမ်းခံလှည့်လည်သည်ကိုမြင်သောကြောင့် မြတ်စွာဘုရား ရှိရာသို့ ချဥ်းကပ်၍ မြတ်စွာဘုရား၏ခြေတော်တို့ကို ဦးဖြင့်တိုက်၍ မြတ်စွာဘုရားအား "အရှင်ဘုရား၊ အကြင်တရားတော်သည် တပည့်တော်၏ရှည်ကြာစွာသော နေ့ညဥ့်ပတ်လုံး အစီးအပွားအလို့ငှာ ချမ်းသာ အလို့ငှာဖြစ်၏။ မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် တပည့်တော်အား ထိုတရားကို ဟောတော်မူပါလော့။ ကောင်းသောစကားကိုဆိုတော်မူတတ်သော မြတ်စွာဘုရား၊ ထိုတရားကို တပည့်တော်အားဟောတော်မူပါလော့"ဟု ဤစကားကို လျှောက်ထား၏။

ဤသို့လျှောက်ထားလတ်သော် မြတ်စွာဘုရားသည် ဗာဟိယကို "ဗာဟိယ၊ အခါမဟုတ်သေး၊ ဆွမ်းအလို့ငှာ ရွာတွင်းသို့ဝင်နေ၏ "ဟု ဤစကားကို မိန့်တော်မူ၏။

နှစ်ကြိမ်မြောက်လည်း ဗာဟိယသည် မြတ်စွာဘုရားအား "အရှင်



ဘုရား၊ မြတ်စွာဘုရား၏အသက်အန္တရာယ်တို့ကိုလည်းကောင်း၊ တပည့်တော်၏အသက်အန္တရာယ်တို့ကိုလည်းကောင်း သိနိုင်ခဲပါ၏။ အကြင်တရားတော်သည် တပည့်တော်၏ရှည်ကြာစွာသော နေ့ညဥ့်ပတ်လုံး အစီးအပွားအလို့ငှာ ချမ်းသာအလို့ငှာဖြစ်၏။ မြတ်စွာဘုရား၊ မြတ်စွာဘုရားသည် တပည့်တော်အား ထိုတရားကို ဟောတော်မူပါလော့။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ ထိုတရားကို တပည့်တော်အား ပေးတော်မူပါလော့" ဟု ဤစကားကို လျှောက်ထား၏။

နှစ်ကြိမ်မြောက်လည်း မြတ်စွာဘုရားသည် ဗာဟိယကို "ဗာဟိယ၊ အခါမဟုတ်သေး၊ ရွာတွင်းသို့ဆွမ်းအလို့ငှာဝင်နေ၏ "ဟု ဤစကားကို မိန့်တော်မူ၏။

သုံးကြိမ်မြောက်လည်း ဗာဟိယသည် မြတ်စွာဘုရားအား ယင်းစကားကို လျှောက်ထား၏။

"ထိုသို့ဖြစ်လျှင် ဗာဟိယ၊ သင်သည် ဤသို့ကျင့်အပ်၏။ မြင်ရာ၌ မြင်ကာမျှဖြစ်လတ္တံ့၊ ကြားရာ၌ ကြားကာမျှဖြစ်လတ္တံ့၊ တွေ့ရာ၌ တွေ့ကာမျှဖြစ်လတ္တံ့၊ သိရာ၌သိကာမျှဖြစ်လတ္တံ့ဟု ဤသို့သင်သည် ကျင့်အပ်၏။ ဗာဟိယ၊ အကြင်အခါ၌သင်သည် မြင်ရာ၌ မြင်ကာမျှဖြစ်လတ္တံ့၊ ကြားရာ၌ ကြားကာမျှဖြစ်လတ္တံ့၊ တွေ့ရာ၌ တွေ့ကာမျှဖြစ်လတ္တံ့၊ သိရာ၌ သိကာမျှဖြစ်လတ္တံ့။ ဗာဟိယ၊ ထိုအခါသင်သည် ထိုရာဂစသည်နှင့်တကွ မဖြစ်လတ္တံ့။ ဗာဟိယ၊ ထိုအခါသင်သည် ထိုရူပါရုံစသည်၌ နှစ်သက်မှု၊ ပြစ်မှားမှု၊ တွေဝေမှု မဖြစ်လတ္တံ့။ ဗာဟိယ၊ အကြင်အခါ ထိုရူပါရုံစသည်၌ နှစ်သက်မှု၊ ပြစ်မှားမှု၊ တွေဝေမှု မဖြစ်လတ္တံ့။ ဗာဟိယ၊ ထိုအခါသင်သည် ဤမျက်မှောက်ဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း၊ နှစ်ပါးစုံ ဘဝ၌လည်းကောင်း မဖြစ်လတ္တံ့။ ဤသည်ပင်လျှင် ဆင်းရဲ၏အဆုံးတည်း"ဟု ဟောတော်မူ၏။

ထိုအခါ ဗာဟိယမထေရ်အား ဤအကျဉ်းဖြစ်သောမြတ်စွာဘုရား တရားဟောခြင်းဖြင့် ထိုခဏ၌ပင်လျှင် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ စိတ်သည် လွတ်၏။

ထိုအခါ မြတ်စွာဘုရားသည် ဗာဟိယမထေရ်ကို ဤအကျဉ်း ဖြစ်သော ဆုံးမခြင်းဖြင့် ဆုံးမ၍ ဖဲကြွတော်မူ၏။ ထိုအခါ မြတ်စွာဘုရား ဖဲကြွ၍ မကြာမီ နို့စို့နွားငယ်ရှိသော နွားမသည် သစ်သားပျဉ်ချပ်ကို ဝတ်သော ဗာဟိယမထေရ်ကို တွေ့၍ ဖိဝိတိခြွေမှ ချ၏။

မြတ်စွာဘုရားသည် သာဝတ္ထိမြို့၌ ဆွမ်းအလို့ငှာ လှည့်လည်၍ ဆွမ်းခံပြီးသည်မှ နောက်၌ဆွမ်းခံရာမှ ဖဲကြွခဲ့ပြီးသော် များစွာသော ရဟန်းတို့နှင့်အတူ သာဝတ္ထိမြို့မှထွက်တော်မူ၍ သေသော၊ သစ်သားပျဉ်ချပ်ကို ဝတ်သော ဗာဟိယကိုမြင်၍ ရဟန်းတို့ကို "ရဟန်းတို့၊ ဆောင်ယူကြလော့။ သစ်သားပျဉ်ချပ်ကို ဝတ်သော ဗာဟိယ၏ကိုယ်ကောင်ကို ညောင်စောင်း ပေါ်သို့တင်၍ထုတ်ဆောင်လျက် မီးရှို့ကြကုန်လော့။ ထိုဗာဟိယ၏ စေတီ ကိုလည်း ပြုကြကုန်လော့။ ရဟန်းတို့၊ သင်တို့သီတင်းသုံးဖော်သည် သေ ၏" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား၊ ကောင်းပါပြီ" ဟု ထိုရဟန်းတို့သည် မြတ်စွာ ဘုရား၏ စကားကို ဝန်ခံ၍ သစ်သားပျဉ်ချပ်ဝတ်သော ဗာဟိယ၏ ကိုယ် ကောင်ကို ညောင်စောင်းပေါ်သို့တင်၍ထုတ်ဆောင်လျက် မီးရှို့၍ ဗာဟိယ ၏စေတီကိုလည်း ပြုလျက် မြတ်စွာဘုရားထံသို့ချဉ်းကပ်ပြီးလျှင် မြတ်စွာ ဘုရားကိုရှိခိုး၍ တစ်ခုသော အရပ်၌နေကြကုန်၏။ တစ်ခုသော အရပ်၌နေပြီးသော ထိုရဟန်းတို့သည် မြတ်စွာဘုရားအား "အရှင်ဘုရား၊ သစ်သားပျဉ်ချပ်ကိုဝတ်သော ဗာဟိယ၏ကိုယ်ကောင်ကို မီးရှို့အပ်ပါပြီ။ ထိုဗာဟိယစေတီကိုလည်း ပြုအပ်ပါပြီ။ ထိုဗာဟိယ၏ လားရာဂတိကား အဘယ်ပါနည်း။ ရှေးရှုရောက်ရာ တမလွန်ဘဝကားအဘယ်ပါနည်း" ဟု



ဤစကားကို လျှောက်ထားကုန်၏။

"ရဟန်းတို့၊ သစ်သားပျဉ်ချပ်ဝတ်သော ဗာဟိယသည် ပညာရှိ ၏။ လောကုတ္တရာတရားအားလျော်စွာသောအကျင့်ကို ကျင့်၏။ တရား တည်း ဟူသောအကြောင်းကြောင့် ငါ့ကို မညှဉ်းဆဲ။ ရဟန်းတို့၊ သစ်သား ပျဉ်ချပ်ဝတ်သော ဗာဟိယသည် ပရိနိဗ္ဗာန်ပြု၏" ဟု မိန့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအနက်သဘောကို သိတော်မူ၍ ထိုသိသောအချိန်၌ ဤဥဒါန်းကို ကျူးရင့်တော်မူ၏ –

"အကြင်နိဗ္ဗာန်၌ အာပေါဓာတ်သည်လည်းကောင်း၊ ပထဝီဓာတ် သည်လည်းကောင်း၊ တေဇောဓာတ်သည်လည်းကောင်း၊ ဝါယောဓာတ် သည်လည်းကောင်း၊ မတည်နိုင်။ ထိုနိဗ္ဗာန်၌ ကြယ်တို့သည် မတောက်ပ ကုန်။ နေသည်လည်း မတောက်ပ။ လသည်လည်း မတောက်ပ။ အမိုက် တိုက်လည်း မရှိ။

အကြင်အခါ၌ သစ္စာလေးပါးကို သိသောကြောင့် မုနိအမည်ရ သော ပုဂ္ဂိုလ်သည် ကိုယ်တိုင်နိဗ္ဗာန်ကိုသိ၏။ နိဗ္ဗာန်ကို သိပြီးသည်မှ နောက်၌ ရုပ်မှလည်းကောင်း၊ နာမ်မှလည်းကောင်း ချမ်းသာဆင်းရဲမှလည်း ကောင်း လွတ်၏"